ဟို့ကိုင်းဒိုး စီရင်စုရဲတပ်ဖွဲ့ ဝက်ဘ်ဆိုက်နှင့် ဆပိုရို ယာဉ်မောင်းလိုင်စင် စာမေးပွဲစင်တာမှ အချက်အလက်များကို အခြေခံထားသည်

Q အမိနိုင်ငံယာဉ်မောင်းလိုင်စင်ရှိပါသည်။ဟို့ကိုင်းဒိုးတွင် ဂျပန်နိုင်ငံယာဉ်မောင်းလိုင်စင်သို့ပြောင်းလို့ရနိုင်ပါသလား?

A


အောက်ပါအချက်များကို ပြည့်မီပါက၊ ဟို့ကိုင်းဒိုးတွင် ဂျပန်ယာဉ်မောင်းလိုင်စင်သို့ ပြောင်းနိုင်ပါသည်။

1. ဟို့ကိုင်းဒိုးရှိ မြို့၊ မြို့နယ် သို့မဟုတ် ရွာတစ်ရွာတွင် နေထိုင်သူအဖြစ် မှတ်ပုံတင်ထားရမည်။
2. သင်သည် ပြည်ပတွင် ယာဉ်မောင်းလိုင်စင်ရရှိပြီးကတည်းက သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် ဒေသတွင် စုစုပေါင်း သုံးလ သို့မဟုတ် ထို့ထက်ပို၍ နေထိုင်ခဲ့ရမည်ဖြစ်ပြီး ၎င်းအတွက် အထောက်အထား ပေးနိုင်ရမည်။
3. နိုင်ငံခြားယာဉ်မောင်းလိုင်စင်သည် သက်တမ်းရှိသေးသောတရားဝင်လိုင်စင်ဖြစ်ရမည်။

နိုင်ငံခြားယာဉ်မောင်းလိုင်စင်အား ဂျပန်ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲသောလုပ်ဆောင်နည်းများ

လျှောက်ထားရမည့်နေရာများ

နိုင်ငံခြားယာဉ်မောင်းလိုင်စင်မှ ဂျပန်ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲရန်အတွက် သင်မှတ်ပုံတင်ထားသော လိပ်စာအပေါ် တရားစီရင်ပိုင်ခွင့်ရှိသော ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနတွင် လျှောက်ထားရမည်။ ဟို့ကိုင်းဒိုးတွင် ဆပိုရို၊ ဟကိုဒတဲ၊ အဆဟိကဝ၊ အိုဘိဟိရို၊ ခုရိုရိုနှင့် ခီတမိတို့တွင် ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနများရှိသည်။ သင့်လိပ်စာအပေါ် မည်သည့် ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနက တရားစီရင်ပိုင်ခွင့်ရှိသည်ကို ရှာဖွေရန် အောက်ပါမြေပုံနှင့် ပူးတွဲပါ မြို့များ၊ မြို့ငယ်များနှင့် ရွာများစာရင်းကို ကြည့်ရှုပါ။





ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနတစ်ခုစီ၏ တရားစီရင်ပိုင်ခွင့်အောက်ရှိ မြို့၊မြို့နယ်၊ရွာများစာရင်းအတွက် ပူးတွဲပါစာရွက်စာတမ်းကို ကြည့်ပါ။

https://www.hiecc.or.jp/soudan/upload/file/newinfo/file2_mm_1782288928.pdf

လျှောက်လွှာလုပ်ငန်းစဉ်

နိုင်ငံခြားယာဉ်မောင်းလိုင်စင်မှဂျပန်ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲလျှောက်ထားရာတွင် လိုအပ်သော လုပ်ထုံးလုပ်နည်းများမှာ နိုင်ငံခြားယာဉ်မောင်းလိုင်စင်ထုတ်ပေးသည့်နိုင်ငံသည် ကင်းလွတ်ခွင့်မရှိသောနိုင်ငံ၊ ကင်းလွတ်ခွင့်ရှိသောနိုင်ငံ (ကျွမ်းကျင်မှုစစ်ဆေးမှုသာကင်းလွတ်ခွင့်) သို့မဟုတ် ကင်းလွတ်ခွင့်ရှိသောနိုင်ငံ (ဗဟုသုတအတည်ပြုခြင်းနှင့်ကျွမ်းကျင်မှုစစ်ဆေးမှုနှစ်ခုလုံး) ပေါ် မူတည်၍ ကွဲပြားပါသည်။ အသေးစိတ်အတွက် အောက်ပါပုံကို ကြည့်ပါ။

လုပ်ထုံးလုပ်နည်းအားလုံးကို ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနတွင် ကိုယ်တိုင်လုပ်ဆောင်ရမည်။ လိုအပ်သောလာရောက်မှုအရေအတွက်၊ လိုအပ်သောအချိန်ပမာဏ စသည်တို့သည် ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနပေါ် မူတည်၍ ကွဲပြားမည်ဖြစ်သောကြောင့် အသေးစိတ်အတွက် သက်ဆိုင်ရာယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနနှင့် တိုက်ရိုက်စစ်ဆေးပါ။ ***မှတ်ချက် ၁**

A) **ကင်းလွတ်ခွင့်ရနိုင်ငံ(ဗဟုသုတအတည်ပြုခြင်းနှင့် ကျွမ်းကျင်မှုကင်းလွတ်ခွင့်)**မှ ယာဉ်မောင်းလိုင်စင်ကို ပြောင်းလဲသည့်အခါ

ဗဟုသုတအတည်ပြုခြင်းနှင့် ကျွမ်းကျင်မှုကင်းလွတ်ခွင့်ရနိုင်ငံ။ ။ အိုက်စလန်၊ အိုင်ယာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အီတလီ၊ ဩစတြေးလျ၊ ဩစတြီးယား၊ နယ်သာလန်၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂရိ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ စပိန်၊ ဆလိုဗေးနီးယား၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ ဂျာမနီ၊ နယူးဇီလန်၊ နော်ဝေး၊ ဟန်ဂေရီ၊ ဖင်လန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ပိုလန်၊ ပေါ်တူဂီ၊ မိုနာကို၊ လူဇင်ဘတ်၊ အမေရိကန်ပြည်ထောင်စု (အိုဟိုင်းယိုး၊ အိုရီဂွန်၊ ကော်လိုရာဒို၊ ဗာဂျီနီးယား၊ ဟာဝိုင်အီ၊ မေရီလန်း နှင့် ဝါရှင်တန်) နှင့် ထိုင်ဝမ်။



B) **ကင်းလွတ်ခွင့်ရနိုင်ငံ (ကျွမ်းကျင်မှုသာကင်းလွတ်)** မှယာဉ်မောင်းလိုင်စင်ပြောင်းလဲသည့်အခါ

ကျွမ်းကျင်မှုသာ ကင်းလွတ်ခွင့်ရနိုင်ငံ။ ။ အမေရိကန်ပြည်ထောင်စု (အင်ဒီးယားနား)



C) **ကင်းလွတ်ခွင့်မရှိသောနိုင်ငံ**မှ ယာဉ်မောင်းလိုင်စင်ပြောင်းလဲသည့်အခါ



※မှတ်ချက်၁

လျှောက်လွှာတင်သည့် လုပ်ငန်းစဉ်စတင်ချိန်မှ သင့်ယာဉ်မောင်းလိုင်စင်ကို အမှန်တကယ်ရရှိသည်အထိ လပေါင်းများစွာ ကြာနိုင်သောကြောင့် သေချာအချိန်ယူကြိုတင်လျှောက်ထားကြပါစို့။

သင့်ရဲ့ နိုင်ငံတကာ ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ဆုံးတော့မယ်ဆိုရင်တောင် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းကို အမြန်မလုပ်ပေးကြောင်း သတိပြုပါ။

စာရွက်စာတမ်း စစ်ခြင်း

လိုအပ်သောစာရွက်စာတမ်းအားလုံးကို ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနတွင် တင်ပါ။ လုပ်ထုံးလုပ်နည်းကို ဂျပန်ဘာသာဖြင့်သာ ပြုလုပ်သောကြောင့် ဂျပန်ဘာသာဖြင့် ဆက်သွယ်ပြောဆိုနိုင်ခြင်းမရှိပါက ဘာသာပြန်ပေးနိုင်သူတစ်ဦးအတူ လိုက်ပါလာရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ဌာနမှ ဖုန်းဖြင့် ဘာသာပြန်ပေးနိုင်သော အချိန်အခါများလည်းရှိပါသည်။

စာရွက်စာတမ်းစစ်ဆေးမှုအောင်မြင်ပါက နောက်တစ်ဆင့်သို့ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လိုအပ်သောစာရွက်စာတမ်းအားလုံး မရှိပါက ရက်ချိန်းအသစ်ပြုလုပ်ပြီး လိုနေသောစာရွက်စာတမ်းများကို တင်သွင်းရန် လိုအပ်ပါသည်။

သင်တင်ပြရမည့် အခြေခံစာရွက်စာတမ်းများကို အောက်တွင်ဖော်ပြထားပါသည်။နိုင်ငံခြားယာဉ်မောင်းလိုင်စင်ထုတ်ပေးသည့်နိုင်ငံပေါ် မူတည်၍ နောက်ထပ်စာရွက်စာတမ်းများ လိုအပ်နိုင်သောကြောင့် သင်လျှောက်ထားရန်စီစဉ်ထားသည့် ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနသို့ သေချာမေးမြန်းစုံစမ်းပါ။

1. သက်တမ်းရှိသောနိုင်ငံခြားယာဉ်မောင်းလိုင်စင် (+လိုအပ်ပါက၊ ယခင် သက်တမ်းကုန်ဆုံးထားသောလိုင်စင်)
2. သင့်ယာဉ်မောင်းလိုင်စင်၏ ဂျပန်ဘာသာပြန် (ဘာသာပြန်ကို **JAF** မှ တောင်းဆိုနိုင်ပါသည်)
3. နိုင်ငံကူးလက်မှတ် (+လိုအပ်ပါက၊ ယခင် သက်တမ်းကုန်ဆုံးထားသော နိုင်ငံကူးလက်မှတ်)
4. **在留カード**ခေါ် နေထိုင်ခွင့်ကတ်
5. နိုင်ငံသားနှင့် နေထိုင်ခွင့်အမျိုးအစားအချက်များ ပါသည့် နေရပ်လိပ်စာမှတ်တမ်း(**住民票**/ဂျူးမင်းဟလျော)
6. ယာဉ်မောင်းလိုင်စင်ထုတ်ပေးသည့်နိုင်ငံမှ ယာဉ်မောင်းလိုင်စင်မှတ်တမ်းလက်မှတ် (သက်ဆိုင်ပါက)
7. သင်၏ နိုင်ငံခြားယာဉ်မောင်းလိုင်စင်ကို ပထမဆုံးရရှိပြီးကတည်းက အနည်းဆုံး သုံးလကြာ သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် ဒေသတွင် နေထိုင်ခဲ့ကြောင်း ရှင်းလင်းစွာ အသိအမှတ်ပြုနိုင်သောစာရွက်စာတမ်းများ။ ※မှတ်ချက် ၂
   ဥပမာများ- ဝင်ထွက်မှတ်တမ်းများ ၊သင်၏ ယာဉ်မောင်းလိုင်စင်ထုတ်နိုင်ငံ သို့မဟုတ် ဒေသ၏ ဝင်ထွက်တံဆိပ်ပါသော နိုင်ငံကူးလက်မှတ် ၊ကျောင်းမှထုတ်ပေးသော ကျောင်းသားဖြစ်ကြောင်းလက်မှတ် ၊ကုမ္ပဏီမှထုတ်ပေးသော အလုပ်ခန့်ထားမှုလက်မှတ်
8. လက်မှတ်တံဆိပ်တုံး (လက်မှတ်ထိုးခြင်းဖြင့်လည်းရ၏)
9. လွန်ခဲ့သော ခြောက်လအတွင်း ရိုက်ကူးထားသော အမြင့် ၃.၀ စင်တီမီတာ x အကျယ် ၂.၄ စင်တီမီတာ ရှိသော ဓာတ်ပုံတစ်ပုံ (ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနတွင် ရိုက်ကူးထားသော ဓာတ်ပုံများကိုလည်း လက်ခံပါသည်)
10. စာမေးပွဲကြေးနှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းကြေးအတွက် အခွန်တံဆိပ်ခေါင်းများ (အခွန်တံဆိပ်ခေါင်းများကို ယာဉ်မောင်းလိုင်စင်စာမေးပွဲစင်တာတွင် ဝယ်ယူနိုင်ပါသည်)

※မှတ်ချက် ၂

သင့်လက်ရှိယာဉ်မောင်းလိုင်စင်တွင် ပထမဆုံးရရှိသည့်ရက်စွဲကို မဖော်ပြထားပါက၊ သင့်ပထမဆုံးယာဉ်မောင်းလိုင်စင်၏ မူရင်းမိတ္တူ သို့မဟုတ် ပထမဆုံးရရှိသည့်ရက်စွဲကိုပြသသည့် ယာဉ်မောင်းလိုင်စင်မှတ်တမ်းလက်မှတ်ကဲ့သို့သော စာရွက်စာတမ်းတစ်ခုလည်း လိုအပ်မည်ဖြစ်သည်။

ပထမဆုံးရရှိသည့်ရက်စွဲကိုပြသသည့် စာရွက်စာတမ်းတစ်ခုကို သင်ပြင်ဆင်နိုင်ခြင်းမရှိပါက၊ သင့်လက်ရှိယာဉ်မောင်းလိုင်စင်တွင် ရရှိသည့်ရက်စွဲမှစ၍ သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် ဒေသတွင် သုံးလ သို့မဟုတ် ထို့ထက်ပို၍ နေထိုင်ခဲ့ကြောင်း သက်သေပြသည့် စာရွက်စာတမ်းတစ်ခုကို တင်ပြရန် လိုအပ်မည်ဖြစ်သည်။

သင့်နိုင်ငံခြားယာဉ်မောင်းလိုင်စင်ထုတ်ပေးသည့်နိုင်ငံပေါ် မူတည်၍ နောက်ထပ်စာရွက်စာတမ်းများ လိုအပ်နိုင်ပါသည်။ နောက်ထပ်အချက်အလက်များအတွက် မြို့တော်ရဲဌာန၏ ဝက်ဘ်ဆိုက်ရှိ အချက်အလက်များကို ကြည့်ပါ။

နိုင်ငံခြားယာဉ်မောင်းလိုင်စင်ကို ဂျပန်လိုင်စင်သို့ပြောင်းလဲဖို့ (အင်္ဂလိပ်၊ဂျပန်)
www.keishicho.metro.tokyo.lg.jp/menkyo/menkyo/kokugai/kokugai05.html



ဗဟုသုတအတည်ပြုခြင်းစာမေးပွဲ

ဗဟုသုတစစ်ဆေးခြင်းစာမေးပွဲတွင် မေးခွန်း ၅၀ ပါဝင်ပြီး မိနစ် ၃၀ ဖြေဆိုရန် သင့်အား ပေးထားသည်။ မေးခွန်း ၅၀ တွင် ၄၅ ခု သို့မဟုတ် ထို့ထက်ပို၍ မှန်ကန်စွာဖြေဆိုပါက အောင်မြင်မည်ဖြစ်သည်။ ဂျပန်ဘာသာအပြင် အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် စပိန်ဘာသာ အပါအဝင် ဘာသာစကား ၂၀ ဖြင့် ရွေးချယ်ဖြေနိုင်ပါသည်။

ဗဟုသုတစစ်ဆေးခြင်းစာမေးပွဲကို အောင်မြင်ပါက နောက်တစ်ဆင့်သို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။ မအောင်မြင်ပါက နောက်တစ်နေ့တွင် စာမေးပွဲ ထပ်မံဖြေဆိုရန် လိုအပ်ပါသည်။

ကျွမ်းကျင်မှုစစ်ဆေးမှု

လက်တွေ့စာမေးပွဲမဖြေဆိုမီ မောင်းနှင်လေ့ကျင့်လိုပါက မှတ်ပုံတင်ထားသော မောင်းနှင်မှုကျောင်းမှ မောင်းနှင်မှုသင်တန်းဆရာ၏ လမ်းညွှန်မှုအောက်တွင် ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနရှိ ယာဉ်လမ်းကြောင်းတွင် ပြုလုပ်နိုင်ပါသည်။ သင့်ဒေသရှိ မှတ်ပုံတင်ထားသော မောင်းနှင်မှုကျောင်းများအကြောင်း သိရှိရန် ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနနှင့် စစ်ဆေးပါ။ မောင်းနှင်မှုလေ့ကျင့်မှုအတွက် သီးခြားအခကြေးငွေ ပေးဆောင်ရမည်ကို ကျေးဇူးပြု၍ သတိပြုပါ၊ ထို့ကြောင့် နောက်ထပ်အချက်အလက်များအတွက် သင်အသုံးပြုရန် စီစဉ်ထားသော မှတ်ပုံတင်ထားသော မောင်းနှင်မှုကျောင်းသို့ တိုက်ရိုက်ဆက်သွယ်ပါ။

လက်တွေ့မောင်းနှင်မှုစာမေးပွဲကို ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနရှိ ယာဉ်လမ်းကြောင်းတွင် ပြုလုပ်ပါမည်။ စာမေးပွဲကို ဂျပန်ဘာသာဖြင့်သာ ပြုလုပ်မည်ဖြစ်ပြီး စကားပြန်အတူ လိုက်ပါခွင့်မပြုပါ။ လက်တွေ့မောင်းနှင်မှုစာမေးပွဲအောင်မြင်ပါက နောက်လုပ်ငန်းစဉ်သို့ ဆက်လက်လုပ်ဆောင်နိုင်ပါသည်။ မအောင်မြင်ပါက အခြားနေ့တွင် စာမေးပွဲပြန်လည်ဖြေဆိုရန် လိုအပ်ပါသည်။

※မှတ်ချက်

ဗဟုသုတကျွမ်းကျင်မှုစာမေးပွဲအောင်မြင်ပြီး ခြောက်လအတွင်း ကျွမ်းကျင်မှုစာမေးပွဲအောင်မြင်ရမည်။ ခြောက်လအတွင်း မအောင်မြင်ပါက ဗဟုသုတကျွမ်းကျင်မှုစာမေးပွဲကို ပြန်လည်ဖြေဆိုရပါမည်။ စာမေးပွဲတစ်ခုကျ၍ ပြန်လည်ဖြေဆိုဖို့ လျှောက်ထားတိုင်းစာမေးပွဲကြေးကောက်ခံမည်ဖြစ်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။

စာမေးပွဲကြေး၊လိုင်စင်ထုတ်ပေးခနှင့်ပတ်သက်၍

နိုင်ငံခြားယာဉ်မောင်းလိုင်စင်ကို ဂျပန်ယာဉ်မောင်းလိုင်စင်အဖြစ် ပြောင်းလဲသည့်အခါ နှစ်မျိုးလုံးကင်းလွတ်ခွင့်ရနိုင်ငံများမှာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခ ပေးဆောင်ရမည်ဖြစ်ပြီး ကျွမ်းကျင်မှုသာကင်းလွတ်ခွင့်ရှိသောနိုင်ငံများနှင့် ကင်းလွတ်ခွင့်မရှိသော နိုင်ငံများမှာ စာမေးပွဲကြေးနှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခ နှစ်မျိုးလုံးကို ပေးဆောင်ရမည်ဖြစ်သည်။ အခကြေးငွေများကို အခွန်တံဆိပ်ခေါင်းများဖြင့် ပေးဆောင်ရမည်ဖြစ်ပြီး စာတိုက်၌ကြိုတင်ဝယ်ယူခြင်း သို့မဟုတ် ယာဉ်မောင်းလိုင်စင်စာမေးပွဲဌာနတွင် ဝယ်ယူနိုင်ပါသည်။

လျှောက်ထားလိုသော ယာဉ်မောင်းလိုင်စင်အမျိုးအစားပေါ် မူတည်၍ အခကြေးငွေများ ကွဲပြားသောကြောင့် လျှောက်ထားသည့်အခါ ယာဉ်မောင်းလိုင်စင်စာမေးပွဲဌာနနှင့် စစ်ဆေးပါ။ (ဥပမာ- ပုံမှန်ယာဉ်မောင်းလိုင်စင်စာမေးပွဲကြေး- ၂၅၀၀ ယန်း၊ ထုတ်ပေးသည့်ကြေး- ၂၃၅၀ ယန်း)

လုပ်ထုံးလုပ်နည်းတစ်ခုစီအတွက် ကြိုတင်ရက်ချိန်းယူမှုများနှင့် ပတ်သက်၍

နိုင်ငံခြားယာဉ်မောင်းလိုင်စင်ကို ဂျပန်ယာဉ်မောင်းလိုင်စင်အဖြစ် ပြောင်းလဲရန် လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်ကို စတင်ရန်အတွက် သက်ဆိုင်ရာ ယာဉ်မောင်းလိုင်စင်စာမေးပွဲဌာနတွင် ဖုန်းဖြင့် ကြိုတင်မှာယူရန် လိုအပ်ပါသည်။ထို့အပြင် ဂျပန်ဘာသာစကားပံ့ပိုးမှုသာရရှိနိုင်သောကြောင့် သင်ကိုယ်တိုင် ကြိုတင်ရက်ချိန်းယူခြင်းမပြုနိုင်ပါက ဂျပန်စကားပြောတတ်သောအသိမိတ်ဆွေတစ်ဦးကို သင့်အတွက် ကြိုတင်ရက်ချိန်းယူပေးရန် တောင်းဆိုပါ သို့မဟုတ် ဟို့ကိုင်းဒိုးနိုင်ငံခြားသားနေထိုင်သူများ အတိုင်ပင်ခံဌာနသို့ ဆက်သွယ်ပါ။

ယေဘုယျအားဖြင့် လုပ်ထုံးလုပ်နည်းတစ်ခုစီအတွက် ကြိုတင်ရက်ချိန်းယူရန် လိုအပ်ပါသည်။ ပထမဆုံးချိန်းသည့်ရက်တွင် စာရွက်စာတမ်းပြန်လည်သုံးသပ်ခြင်းနှင့် အရည်အချင်းစစ်ဆေးမှုများ (အမြင်အာရုံစစ်ဆေးမှုများနှင့် ရုပ်ပိုင်းဆိုင်ရာလုပ်ဆောင်ချက်စစ်ဆေးမှုများကဲ့သို့)သာပြုလုပ်မည်ဖြစ်သည်။စာမေးပွဲစသောအခြားလုပ်ထုံးလုပ်နည်းများအတွက် ကြိုတင်ရက်ချိန်းမှုများကို စာရွက်စာတမ်းပြန်လည်သုံးသပ်ခြင်းကို အောင်မြင်ပြီးနောက် စီစဉ်ပေးပါမည်။

※လိုအပ်သောစာရွက်စာတမ်းအားလုံးတင်သွင်းပြီးသည်နှင့် သင်၏ပထမဆုံးကြိုတင်ရက်ချိန်းမှုကို ပြုလုပ်နိုင်ပါသည်။
※လျှောက်ထားသူများခြင်းအခြေအနေပေါ် မူတည်၍ ချက်ချင်းကြိုတင်ရက်ချိန်းမရယူနိုင်သည့်အခါလည်းရှိနိုင်ပါသည်။

ကြုိတင်ရက်ချိန်းယူသည့်အခါ အောက်ပါအချက်အလက်များ ၁) နှင့် ၂) ကို ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးဌာနသို့ ပေးပို့ရန် လိုအပ်ပါသည်။ ဟော့ကိုင်းဒိုးနိုင်ငံခြားသား အတိုင်ပင်ခံဌာနမှ သင့်ကိုယ်စား ကြိုတင်မှာယူစေလိုပါက အောက်ပါအချက်အလက်များ ၁)၊ ၂) နှင့် ၃) ကို မျှဝေရန် လိုအပ်ပါသည်။

1) ကိုယ်ရေးကိုယ်တာသတင်းအချက်အလက်

1. နာမည် (အပြည့်အစုံ)၊အသံထွက်နှင့်ခတခန ဖော်ပြခြင်း
2. နေထိုင်ခွင့်အမျိုးအစား၊နေထိုင်ခွင့်ကတ် အကျိုးသက်ရောက်မှုကာလ
3. မိမိ၏နိုင်ငံသား
4. မွေးသက္ကရာဇ်
5. လိင်အမျိုးအစား
6. စာရင်းသွင်းထားသော ဂျပန်နေရပ်လိပ်စာ
7. တယ်လီဖုန်းနံပါတ် (ရှိပါက)
8. နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ရက်စွဲနှင့် ထုတ်ပေးသည့်နိုင်ငံ
9. နိုင်ငံကူးလက်မှတ်ရှိ ပြည်ဝင်ပြည်ထွက် မှတ်တမ်း အချက်အလက်များ
10. ဂျပန်သို့ဝင်ရောက်လာသောရက်စွဲ

2) ယာဉ်မောင်းလိုင်စင်ဆိုင်ရာ

1. ယာဉ်မောင်းလိုင်စင်အချက်အလက်များ (ထုတ်ပေးသောနေ့၊အကျုံးဝင်ကာလ၊ထုတ်ပေးသည့်နိုင်ငံ၊အမျိုးအစား၊နောက်ဆုံးသက်တမ်းတိုးထားသောနေ့)
2. နိုင်ငံခြားယာဉ်မောင်းလိုင်စင်ကိုစတင်ရရှိပြီးနောက် ထိုနိုင်ငံ/အရပ်ဒေသတွင် ၃ လကျော်နေထိုင်ခဲ့ကြောင်းသက်သေပြနိုင်သော စာရွက်စာတမ်း
3. နိုင်ငံတကာသုံးနိုင်သော ယာဉ်မောင်းလိုင်စင်ပိုင်ဆိုင်ထားပါက ထိုလိုင်စင်ကို ထုတ်ပေးသောနေ့
4. ဂျပန်ယာဉ်မောင်းလိုင်စင်ကိုပိုင်ဆိုင်ဖူးပါက ရယူခဲ့သောအကြိမ်အရေအတွက်၊လိုင်စင်တိုင်း၏ထုတ်ပေးသောနေ့
5. ရေးဖြေစာမေးပွဲအတွက်သင်ဖြေဆိုချင်သော ဘာသာ
6. လျှောက်ထားချင်သော ယာဉ်မောင်းလိုင်စင်အမျိုးအစား (ပုံမှန်၊အော်တို စသည်)

3) အခြားသော

1. သင်ပြင်စင်ထားသောလိုအပ်သည့်စာရွက်စာတမ်းများ၏ကော်ပီ (**PDF, PNG**စသည်)
2. ဂျပန်ဘာသာစကားအရည်အချင်း (ဂျပန်စကားသိပ်မပြောဆိုနိုင်ပါက၊ဘာသာပြန်ဖို့အတူလိုက်ပေးနိုင်သောသူရှိမရှိ)
3. လိုချင်သောရက်ချိန်းနှင့်အချိန် (အဆင်ပြေသောရက်၊အဆင်ပြေသော အချိန်နှင့်ပတ်သက်သော)
4. သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကိုယာဉ်မောင်းလိုင်စင်ဖြေဌာနသို့ ပေးပို့မျှဝေရန်သင်မှခွင့်ပြုခြင်း

ဆက်သွယ်ရန်နေရာနှင့်ပတ်သက်၍

ပြည်ပလိုင်စင်ကို ဂျပန်လိုင်စင်သို့ ပြောင်းလဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် မသိသေးသည့်အချက်အလက်များရှိပါက၊ သင့်ဒေသခံယာဉ်မောင်းလိုင်စင်စာမေးဌာနသို့ဆက်သွယ်ပါ။ဂျပန်ဘာသာဖြင့် မေးမြန်းဆက်သွယ်ရန် အခက်အခဲရှိပါက ကျွန်ုပ်တို့စင်တာသို့ ဆွေးနွေးနိုင်ပါသည်။



ဤအချက်အလက်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဖန်တီးခဲ့သည်။ ကင်းလွတ်ခွင့်ရှိသော နိုင်ငံများ၊ လျှောက်လွှာလုပ်ထုံးလုပ်နည်းများ၊ စာမေးပွဲအကြောင်းအရာ၊ အခကြေးငွေများ စသည်တို့ ပြောင်းလဲနိုင်သည်။ လျှောက်လွှာလုပ်ငန်းစဉ်မစတင်မီ အသေးစိတ်အချက်အလက်များကို ပြန်လည်အတည်ပြုပါ။

www.hiecc.or.jp/soudan www.facebook.com/hiecc.support E-MAIL: support@hiecc.or.jp TEL: 011-200-9595 FAX: 011-221-7845